# “ကွမ်းသီးပင်”တွင်ကျရောက်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

## (၂) ဖိုက်သော်သရာပင်ခြေပုပ်ရောဂါ (Phytophthora foot rot)

**ရောဂါဖြစ်စေသောသက်ရှိ - Phytophthora meadii McRae**

**ရောဂါလက္ခဏာများ**

မြေပြင်နှင့်တစ်ပြေးညီ (သို့) မြေအောက်နားပင်စည်ပိုင်းတွင် အညိုရောင်အကွက်စတွင်ဖြစ်ပေါ်သည်။ ၎င်းရောဂါကွက်သည် ကြီးလာပြီး မဲသွားကာ အညိုရောင်စိမ့်ထွက်ရည်များထွက်သည်။ ရောဂါရပင်စည်အခြေနှင့်အမြစ်များသည်အရောင်ပြောင်းလာပြီး ပုပ်သွားသည်။ အပင်အပေါ်ပိုင်းလည်းခြောက်သွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခြောက်သေနေသော ရောဂါကျအပင် ကို နုတ်ယူမီးရှို့ဖျက်ဆီးပစ်ပါ။
- အပင်ခြေရေမဝပ်စေရန် ဆောင်ရွက်ပါ။
- အပင်များကြားနှင့်အပင်ပေါ်တွယ်တက်နေသော ပေါင်းပင်များရှင်းလင်းပါ။
- မိုးဦးကျစချိန်မှစ၍ ကွမ်းသီးအပင်ကြီး၏ ပင်ခြေကို Copper (ကော့ပါး) ပါဝင်သောဆေးများကို ခပ်ပျစ်ပျစ်ဖျော်၍ သုတ်လိမ်းပေးပါ။ အပင်ငယ်များပျိုးပင်များတွင် ရောဂါကွက်စတင်တွေ့ရှိပါက Copper (ကော့ပါး) ပါဝင်သော ဆေးများ၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်)၊ Metalaxyl (မီတယ်လဆီ) စသော ဆေးများကို အပင်ခြေအား ရွှဲရွှဲ ပက်ဖျန်းပါ။